BURMA NEWS INTERNATIONAL
Myanmar Peace Monitor

# Weekly News Review

Issue 135, 13 Dec 2023 - 2 Jan 2024



# တရုတ်အတွက် အန်ယူဂျီ၏ ကတိကဝတ်များ

# တရုတ်အတွက် အန်ယူဂျီ၏ ကတိကဝတ်များ

## နိဒါန်း

ဒေါ်ဇင်မာအောင်ဦးဆောင်သည့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ၏ တရုတ်နိုင်ငံဆိုင်ရာ သဘောထားဟုဆိုကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ထုတ်ပြန်ချက်တစောင် ကြေညာခဲ့ပါသည်။ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ရည်မျှော်ချီတက်နေသော နွေဦးတော်လှန်ရေး၏ စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာအရေး စသော လှုပ်ရှားဆောင်ရွက်မှုများအနက် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို ယင်းထုတ်ပြန်ချက်က ထင်ရှားစေပါသည်။

ယခုတပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် NUG နိုင်ငံခြားရေးဝန်ကြီးဌာနမှထုတ်ပြန်သော "တရုတ်နိုင်ငံဆိုင်ရာသဘောထား"၊ တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် နွေဦးတော်လှန်ရေးအရွေ့အပြောင်းများအား ချဉ်းကပ်လေ့လာတင်ပြသွားပါမည်။

## တရုတ်အတွက် အန်ယူဂျီ သဘောထား

အချက် (၁၀) ချက်ပါသည့် (NUG)၏ "တရုတ်နိုင်ငံဆိုင်ရာ သဘောထား"တွင် တရုတ်အစိုးရအကြိုက်တွေ့စေမည့် ကတိကဝတ် (၈) ခုကို ယခုလိုအထင်အရှားတွေ့ရှိရပါသည်။

"တရုတ်-မြန်မာ နှစ်နိုင်ငံအကြား "ဆွေမျိုး-ပေါက်ဖော်" ဆက်ဆံရေးတည်ဆောက်ပြီး တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်းဖြစ်ရေး အမြဲကြိုးပမ်းရပ်တည်မည်။ တရုတ်တစ်နိုင်ငံ

တည်းမူဝါဒကို ဆက်လက်ထောက်ခံကျင့်သုံးမည်။ ပြည်သူနှင့် ပြည်သူဆက်ဆံရေးကို အလေးထားလျက် အပြန်အလှန်ချစ်ကြည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစွမ်းကုန် မြှင့်တင်ဆောင်ရွက်မည်။ နှစ်နိုင်ငံအကြား လူမှုစီးပွားအရ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်သဖြင့် ထိန်းသိမ်း၊ မြှင့်တင်၊ ဆောင်ရွက်မည်။

မြန်မာနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံ၏ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားလူမှုစီးပွားလုပ်ငန်းများ၏လုံခြုံရေးကို ထိန်းသိမ်းကာကွယ်မည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင် နှစ်နိုင်ငံနယ်နိမိတ်သတ်မှတ်မှုစာချုပ်များအပါအဝင် နှစ်နိုင်ငံအကြား သဘောတူချုပ်ဆိုခဲ့သည့် စာချုပ်များအားလုံးကို မြန်မာနိုင်ငံမှ တာဝန်ယူမည်။ အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နေသည့် မည်သည့်အဖွဲ့အစည်းကိုမျှ မြန်မာ့ပိုင်နက်အတွင်း အခြေချခွင့်မပြု။ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် လုံခြုံရေးသာမက ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါထိခိုက်စေသည့် ကျားဖြန့်အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း၊ လူကုန်ကူးမှုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်းများကို တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍တိုက်ဖျက်သွားမည်။" [1]

## တရုတ်နိုင်ငံအတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ကတိကဝတ် (၈) ချက်

၁။ "တရုတ် – မြန်မာ နှစ်နိုင်ငံအကြား" ဆွေမျိုး–ပေါက်ဖော်ဆက်ဆံရေးတည်ဆောက်ပြီး တရုတ်နိုင်ငံအတွက် အိမ်နီးချင်းကောင်းဖြစ်ရေး အမြဲကြိုးပမ်းရပ်တည်မည်။

၂။ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက်ထောက်ခံကျင့်သုံးမည်။

၃။ ပြည်သူနှင့်ပြည်သူဆက်ဆံရေးကို အလေးထားလျက် အပြန်အလှန်ချစ်ကြည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစွမ်းကုန်မြှင့်တင်ဆောင်ရွက်မည်။

၄။ နှစ်နိုင်ငံအကြား လူမှုစီးပွားအရ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်သဖြင့် ထိန်းသိမ်း၊ မြှင့်တင်၊ ဆောင်ရွက်မည်။

၅။ မြန်မာနိုင်ငံတွင်းရှိ တရုတ်နိုင်ငံ၏ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှုများနှင့် အခြားလူမှုစီးပွားလုပ်ငန်းများ၏ လုံခြုံရေးကို ထိန်းသိမ်းကာကွယ်မည်။

၆။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင် နှစ်နိုင်ငံနယ်နိမိတ် သတ်မှတ်မှုစာချုပ်များအပါအဝင် နှစ်နိုင်ငံအကြား သဘောတူချုပ်ဆိုခဲ့သည့် စာချုပ်များအားလုံးကို မြန်မာနိုင်ငံမှ တာဝန်ယူမည်။

၇။ အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နေသည့် မည်သည့်အဖွဲ့အစည်းကိုမျှ မြန်မာ့ပိုင်နက် အတွင်း အခြေချခွင့်မပြု။

၈။ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် လုံခြုံရေးသာမက ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့် ကျားဖြန့်အွန်လိုင်း လိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်း၊ လူကုန်ကူးမှုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်း များကို တရုတ်နိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ တိုက်ဖျက်သွားမည်။

1 အမျိုးသားညီညွတ်ရေးအစိုးရ၏ တရုတ်နိုင်ငံဆိုင်ရာ သဘောထား https://bit.ly/3RJCJCn

အန်ယူဂျီ၏ တရုတ်အတွက် ကတိကဝတ် (၈)ချက်ကို လေ့လာကြည့်ပါက နံပါတ်စဉ် (၅) မှ (၈)အထိ အချက်များသည် အဓိကထူးခြားချက်များအဖြစ် တွေ့ရှိရပြီး အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စုအတွက် တရုတ်နိုင်ငံ၏စိုးရိမ်မှုများကို လျော့ကျစေနိုင်မလား ဆိုသည်က စိတ်ဝင်စားဖွယ်ဖြစ်သည်။

## တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုများ

အနီးစပ်ဆုံးဆိုရသော် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်အလွန် "၁၀၂၇ စစ်ဆင်ရေး" နှင့်ပတ်သတ်ပြီး တရုတ်အစိုးရ၏လှုပ်ရှားဆောင်ရွက်မှုများသည် "ဒိုင်လူကြီး"သဖွယ် ကြားနေသဘောရပ်တည်နေသည်ဟု ရှုမြင်နိုင်ပါသည်။ ကိုးကန့်တပ်ဖွဲ့ (MNDAA)၊ တအာင်းတပ်ဖွဲ့ (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA)တို့က ဦးဆောင်ပြီး နွေဦးတော်လှန်ရေးအတွင်း ပေါက်ဖွားလာသော ခုခံတော်လှန်ရေးအင်အားစုများဖြင့် ပူးပေါင်းလှုပ်ရှားလျက်ရှိသည့် "၁၀၂၇ စစ်ဆင်ရေး"သည် မြန်မာပြည်မြောက်ပိုင်းဒေသအပြင် မြန်မာနိုင်ငံအနောက်တောင်ပိုင်းဖြစ်သည့်ရခိုင်ဒေသအထိ အပြန့်ကျယ်လာခဲ့သလို စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးသို့ ဦးတည်ရည်မျှော်ကြသည့် ပြည်သူလူထုတရပ်လုံး၏ ထောက်ခံအားပေးမှုကိုလည်း ရရှိနေသည်ဟု ဆိုရပါမည်။

သို့သော် တရုတ်အစိုးရကမူ စစ်ရေးပဋိပက္ခအတွင်း ပါဝင်ပတ်သက်သူအစုအဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြား အပစ်ရပ်ရေးနှင့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုသာ တိုက်တွန်းခဲ့သည်။ မြောက်ပိုင်းညီနောင် မဟာမိတ် (၃) ဖွဲ့ (MNDAA ၊ TNLA ၊ AA) နှင့် စစ်ကောင်စီအကြား တွေ့ဆုံဆွေးနွေးနိုင်ရန် ကြိုးပမ်းခဲ့ပြီး၂၀၂၃ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှ ၉ ရက်အထိ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ဟိုင်ဂင်ဟိုတယ်တွင် ပထမအကြိမ်တွေ့ဆုံဆွေးနွေးစေခဲ့ပါသည်။ ထိုလ ၂၂ ရက်မှ ၂၄ ရက်အထိ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးမှုကိုလည်း ကူမင်းမြို့တွင်ပင် တရုတ်အစိုးရက ပြုလုပ်ပေးခဲ့သည်။ နစ်ဖက်တောင်းဆိုချက်များ ကွာဟချက်ကြီးမားနေသည့်အတွက် ရလာဒ် မည်မည်ရရမထွက်ဘဲ အဆုံးသတ်ခဲ့ရသည့် မြောက်ပိုင်းညီနောင် မဟာမိတ် (၃)ဖွဲ့နှင့် အာဏာသိမ်းစစ်ကောင်စီ၏ ကိုယ်စားလှယ်များအကြား တွေ့ဆုံဆွေးနွေးမှုကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ပြုလုပ်သွားရန် လျာထားသည်ဟု ဆိုပါသည်။ [2]

2 စစ်ကောင်စီနဲ့ မြောက်ပိုင်းသုံးဖွဲ့ ဆွေးနွေးပွဲ ပြေလည်မှုမရ https://bit.ly/3vpLOsE






တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ဘင်း (Wang Wenbin)၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၊ သတင်းစာရှင်းလင်းပွဲတွင်တော့ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် တိုက်ပွဲများရပ်တန့်ရေးနှင့် ဆွေးနွေးမှုများ မြှင့်တင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာအစုအဖွဲ့အသီးသီးအနေဖြင့်လည်း တရုတ် - မြန်မာနယ်စပ်ဒေသငြိမ်းချမ်းတည်ငြိမ်စေပြီး မြန်မာနိုင်ငံအတွင်းရှိ တရုတ်စီမံကိန်းများနှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း ဝမ်ဝင်ဘင်းက ဆိုထားပါသည်။ [3]

## နွေဦးတော်လှန်ရေး အရွေ့အပြောင်း

စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှချုပ်ငြိမ်းရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက် ဦးတည်လျှောက်လှမ်းနေကြသော နွေဦးတော်လှန်ရေးအင်အားစုအသီးသီးသည် စစ်ရေး၊ နိုင်ငံရေး၊ နိုင်ငံတကာရေးနှင့် လူထုလှုပ်ရှားမှု စသည့်ဘက်ပေါင်းစုံမှ ပုံသဏ္ဌာန်မျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် အာဏာသိမ်းစစ်အုပ်စု၏ ထိုးနှက်ဖိအားပေးလာခဲ့သည်မှာ လာမည့်ဖေဖော်ဝါရီ ၁ ရက်နေ့ဆိုလျှင် ၃ နှစ်တင်းတင်း ပြည့်ပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများအထိ လွင့်ပျံ့သွားခဲ့သည့် သံပုံးတီးလူထုလှုပ်ရှားမှုမှသည် “သန်းချီစုရုန်းနှစ်ငါးလုံး” အထိ လမ်းပေါ်ထွက်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ ယခုအခါ အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်ဖြိုခွင်းမှုများအန္တရာယ်မှ ခုခံကာကွယ်နိုင်ရေးအတွက် ရရာလက်နက်စွဲကိုင်ခဲ့ကြရသည့် ခုခံတော်လှန်ရေးအင်အားစုများ၊ အထူးသဖြင့် NUGလက်အောက်ခံပြည်သူ့ကာကွယ်ရေးတပ်မတော်(PDFတပ်ရင်းတပ်ဖွဲ့များ)၊မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ (EROs) အကြား ပေါင်းစည်းမှု၊ ပူးပေါင်းလှုပ်ရှားမှုများသည် အရွေ့အပြောင်းတခုသို့ ဦးတည်လာခဲ့ပါသည်။ မြန်မာပြည်မြောက်ပိုင်းက ၁၀၂၇ စစ်ဆင်ရေး၊ ရှမ်းပြည်တောင်ပိုင်းနှင့် ကရင်နီ(ကယား)ပြည်နယ်အတွင်းက တစ်လေးလုံးစစ်ဆင်ရေး၊ ERO များနှင့် NUG တို့ စုဖွဲ့ထားသည့် “ဗဟိုကွပ်ကဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ” (C3C-Central Command and Coordination Committee) အစီအစဉ်ဖြင့် နိုင်ငံတဝှမ်းစစ်ရေးလှုပ်ရှားမှုများသည် အာဏာသိမ်းစစ်အုပ်စု၏ ရာနှင့်ချီသော စစ်စခန်းများကို စွန့်လွှတ်ရစေသကဲ့သို့ မြို့ပေါင်း (၂၀)ကျော်ကိုလည်း လက်လွှတ်ဆုံးရှုံးစေခဲ့ပါသည်။ အာဏာသိမ်းစစ်အုပ်စု၏ စစ်လက်နက်ပစ္စည်းအများအပြားကိုလည်း ခုခံတော်လှန်ရေးအင်အားစုများဘက်မှ သိမ်းဆည်းရရှိခဲ့ပါသည်။

3 Foreign Ministry Spokesperson Wang Wenbin’s Regular Press Conference on December 21, 2023 https://bit.ly/41NmAQN

NUG ၊ ERO များနှင့် မြို့ပြဒေသအလိုက် PDF/LDF များအကြား ပေါင်းစည်းညီညွတ်မှု၊ ပူးပေါင်းလုပ်ရှားမှု စသည့် ဟန်ချက်ညီစစ်ဆင်ရေးများသာ အရှိန်အဟုန်မြင့်တက် ကျယ်ပြန့်လာပါက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုကြီးသည် အချည်းနှီးဖြစ်သွားစေနိုင်သကဲ့သို့ စစ်အုပ်စုအား အသာစီးရယူကာ ပြည်သူလူထုအတွက် တရားမျှတမှုကို ရှာဖွေနိုင်လိမ့်မည်ဟု ရှုမြင်ရပါသည်။

# သုံးသပ်တင်ပြချက်

၁၀၂၇ စစ်ဆင်ရေးအတွင်း မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့ထံ အာဏာသိမ်းစစ်အုပ်စု လက်လွှတ်ခဲ့ရသည့် ချင်းရွှေဟော်၊ နမ့်ခမ်း၊ သိန္နီနှင့် ကွမ်းလုံမြို့များသည် တရုတ်အစိုးရ၏ စီးပွားရေးစင်္ကြန်စီမံကိန်းများရှိရာ နယ်စပ်စီးပွားပူးပေါင်းဆောင်ရွက်ရေးဇုန်များ တည်ဆောက်မည့် မြို့များဖြစ်သကဲ့သို့ ဖောင်းဆိုင်၊ ကြူကုတ် (ပန်ဆိုင်း)၊ ကုန်းကြမ်းနှင့် မုံးကိုးမြို့များသည်လည်း တရုတ်အစိုးရအတွက် အရေးပါသည့် နယ်စပ်မြို့များဟု ဆိုနိုင်ပါသည်။ ထို့အပြင် ဦးသိန်းစိန်အစိုးရလက်ထက်ကတည်းက သဘောတူထားသည့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးသည်လည်း အာဏာသိမ်းစစ်အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်နေသည့်တိုင် ရက္ခိုင့်တပ်တော်(AA) ၏ အခန်းကဏ္ဍ အရေးပါမှုကို ထည့်သွင်းစဉ်းစားစရာ ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးကို အကြီးအကျယ်ထိခိုက်စေသည့် ကိုးကန့်၊ လောက်ကိုင်ဒေသအတွင်းရှိ ကျားဖြန့်အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများ နှိမ်နင်းရေးသည်လည်း တရုတ်အစိုးရ၏ ဦးစားပေးအကျိုးစီးပွားများအဖြစ် ရှိနေပြီး အာဏာသိမ်းစစ်ကောင်စီအား အမြဲတစေဖိအားပေးလျက်ရှိပါသည်။ ထို့အတွက် ၁၀၂၇ စစ်ဆင်ရေး၏ လုပ်နိုင်စွမ်းကို တရုတ်အစိုးရက စောင့်ကြည့်နေဆဲဟု ဆိုနိုင်ပါမည်။ ကျားဖြန့်လောင်းကစားလုပ်ငန်းများ နှိမ်နင်းရေးအတွက် စစ်ကောင်စီနှင့် ERO တို့၏ လှုပ်ရှားဆောင်ရွက်မှုများကို သတိထား စောင့်ကြည့်ကာ အခြားတဖက်ရှိ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် မြန်မာနိုင်ငံအတွင်းရှိ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအား ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် အာမခံချက်မျိုးသည် တရုတ်အစိုးရ၏ ဦးစားပေးအကျိုးစီးပွားဖြစ်လာသည်ဟု ဆိုနိုင်ပါသည်။ ၎င်းတို့၏ ဦးစားပေးအကျိုးစီးပွားများအတွက် တရုတ်အစိုးရသည် အာဏာသိမ်းစစ်အုပ်စုအပါအဝင် ERO များနှင့် နွေဦးတော်လှန်ရေးအင်အားစုများအားလုံးကို စောင့်ကြည့်နေဆဲဖြစ်သည်။

ထို့ကြောင့် “တရုတ်နိုင်ငံဆိုင်ရာ သဘောထား”ထုတ်ပြန်ချက်ပါ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကတိကဝတ်များသည် တရုတ်အစိုးရအား အကြိုက်တွေ့စေမည့် ကမ်းလှမ်းချက်များအဖြစ် မှတ်ယူနိုင်ပြီး အာဏာသိမ်းစစ်အုပ်စုအတွက် စစ်ရေး၊ နိုင်ငံရေးနှင့် နိုင်ငံတကာအရေးများအတွက် အခက်တွေ့အကြပ်ရိုက်နေချိန်တွင် ချိန်သားကိုက်ထုတ်ပြန်ချက်အဖြစ်လည်း

> "တရုတ်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပေးပို့သော သဘောထားထုတ်ပြန်ချက်များ၊ လုပ်ဆောင်ချက်များ၊ ပူးပေါင်းဆောင်ရွက်ချက်များသည် နွေဦးတော်လှန်ရေးအင်အားစုအားလုံးကို ကိုယ်စားပြုစေရေး သတိချပ်ရမည်ဖြစ်သည်။"

ရှုမြင်ရပါသည်။ သို့နှင့်တိုင် နိုင်ငံတကာမျက်နှာစာတွင် ပြည်သူလူထုကို ကိုယ်စားပြုသည့် အစိုးရတရပ်အဖြစ် အသိအမှတ်ပြုမှုရရှိရေး ကြိုးပမ်းနေချိန်တွင် တချို့သောအာမခံချက်များ၊ ကတိကဝတ်များသည် လက်လွှတ်စလွယ်မပေးသင့်ဘဲ သက်ဆိုင်ရာအစုအဖွဲ့များ၏ သဘောထားများကို ရယူဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းတောင်စသည့် တရုတ်အစိုးရ၏ စီမံကိန်းများမှသည် နိုင်ငံတကာမျက်နှာစာတွင် လက်ရှိအာဏာသိမ်းစစ်အုပ်စုဘက်မှ အမြဲတစေအကာအကွယ်ပေးလေ့ရှိသည့် တရုတ်နိုင်ငံအား ပိုမိုသတိထားချဉ်းကပ်ရမည်ဖြစ်သည်။

နွေဦးတော်လှန်ရေးကာလသည် ၃ နှစ်ပြည့်တော့မည်ဖြစ်သည်။ အိမ်နီးချင်းတရုတ်အပါအဝင် နိုင်ငံတကာအစိုးရ၊ အဖွဲ့အစည်းများအားလုံးသည် နွေဦးတော်လှန်ရေး၏ ခွန်အားနှင့် စုစည်းညီညွတ်မှုကို စောင့်ကြည့်နေသကဲ့သို့ အာဏာသိမ်းစစ်အုပ်စု၏ အခန်းကဏ္ဍကို သတိမူနေကြဆဲဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ(NUG)သည် စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် တလှေတည်းစီးကာ ဦးတည်လျှောက်လှမ်းနေကြသည့် နွေဦးတော်လှန်ရေးအင်အားစု အချင်းချင်းအကြား ပေါင်းစည်းညီညွတ်ရေးအတွက် ခွန်အားစိုက်ထုတ်သင့်သည်။ ယုံကြည်မှုတည်ဆောက်ရေးအတွက် ကတိကဝတ်နှင့် အာမခံချက်များကိုပေးအပ်ကာ ပေါင်းစည်းညီညွတ်ရေးကိုခိုင်မာစေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။ ထို့အပြင် တရုတ်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပေးပို့သော သဘောထားထုတ်ပြန်ချက်များ၊ လုပ်ဆောင်ချက်များ၊ ပူးပေါင်းဆောင်ရွက်ချက်များသည် နွေဦးတော်လှန်ရေးအင်အားစုအားလုံးကို ကိုယ်စားပြုစေရေး သတိချပ်ရမည်ဖြစ်သည်။

သို့မှသာ နိုင်မည့် မြင်းအား စောင့်ကြည့်ကာ လောင်းကြေးထပ်ရန် ပြင်ဆင်နေသည့် တရုတ်အစိုးရအား စည်းရုံးရာတွင် ပိုမိုထိရောက်စေမည်ဖြစ်သည်။ နွေဦးတော်လှန်ရေးအင်အားစုအချင်းချင်းအကြား ပေါင်းစည်းညီညွတ်မှုခွန်အားကြီးမှုသည်သာ တရုတ်အစိုးရအား ဘက်ပြောင်းလာစေမည့် ဆွဲဆောင်စည်းရုံးမှုတခုဖြစ်နေနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# Weekly Highlight Quote



ကျမတို့ ထွက်ပြေးမယ်လို့ကြံရင် လမ်းမှာစစ်ကောင်စီတပ်သားတွေ သေနတ်တွေနဲ့ သွားလာနေကြတာတွေ့တယ်။ ထွက်ပြေးလို့တွေ့သွားရင် ပစ်သတ်ခံရမှာကြောက်တော့ အိမ်ထဲမှာပဲနေခဲ့ကြရတယ်။ ထွက်ပြေးဖို့ ကြိုးစားခဲ့သေးတယ်။ ဒါပေမယ့် နေရာတိုင်းမှာ စစ်သားတွေရှိတယ်။ အဖမ်းခံထားရတဲ့လူတွေလည်း အများကြီးရှိတယ်။ ထွက်ပြေးလို့မလွတ်ဘဲ ပစ်သတ်ခံရမှာလည်း ကြောက်ရတယ်။ အဲဒါတွေကြောင့် အိမ်ထဲမှာပဲနေခဲ့ကြတာ။ ညဘက်တွေလည်း မအိပ်ခဲ့ရဘူး။ ကလေးတွေလည်း လက်နက်ကြီးအသံကြားရင် နိုးလာကြတယ်။ ဖုန်းအဆက်အသွယ်လည်း ဘယ်သူနဲ့မှ မရဘူး


ဒေါ်လှမေ

အသက် ၄၇ အရွယ်

ပေါက်တောမြို့နယ်

*(BNI-MPM တွင် ဖော်ပြထားသည့် "ရခိုင်ပြည်၊ ပေါက်တောမြို့တိုက်ပွဲကြား ၈ ရက်ကြာ ပိတ်မိခဲ့ပြီး လွတ်မြောက်လာသူအသက် ၄၇ အရွယ် ဒေါ်လှမေနဲ့ မေးမြန်းချက်"မှ ကောက်နုတ်သည်။*

# နွေဦးတော်လှန်ရေးအင်အားစုများမှ
# သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၃၁ မြို့



## ရွှေပြည်အေး
နိုဝင်ဘာလ ၂၁ ရက်နေ့ကစပြီး ဟုမ္မလင်းမြို့နယ်၊ ရွှေပြည်အေးမြို့ကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် သိမ်းပိုက်နိုင်ခဲ့ပြီး စစ်ကောင်စီတပ်သား ၈ ယောက်ကိုလည်း ဖမ်းမိခဲ့သည်။

## ခါမ်းပါတ်
နိုဝင်ဘာလ ၄ ရက်နေ့ကစပြီး တမူးမြို့နယ်၊ ခါမ်းပါတ်မြို့ရှိ စစ်ကောင်စီတပ်နှင့် မြို့မရဲစခန်းတို့ကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များမှ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၇ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## ကောလင်း
နိုဝင်ဘာလ ၃ ရက်နေ့ကစပြီး ကောလင်းမြို့နယ်၊ ကောလင်းမြို့ရှိ စစ်ကောင်စီတပ်နှင့် မြို့မရဲစခန်းတို့ကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ပူးပေါင်းတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၆ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## ရိခေါဒါရ်
နိုဝင်ဘာလ ၁၃ ရက်နေ့က အိန္ဒိယ - မြန်မာနယ်စပ် အမှတ် ၂ ကုန်သွယ်ရေး လမ်းကြောင်းပေါ်ရှိ ရိခေါဒါရ်မြို့ အခြေစိုက် စစ်ကောင်စီတပ်စခန်း (၂) ခုကို CNF/CNA၊ CDF – Zanniatram ၊ PDA – Tedim၊ CDF – Thantlang နှင့် ဒေသအခြေစိုက် CDF – Hualngoram တို့က တိုက်ခိုက်သိမ်းပိုက်ပြီး မြို့အား ထိန်းချုပ်နိုင်ခဲ့သည်။

## လိုင်လင်းပီ
နိုဝင်ဘာလ ၂၀ ရက်နေ့ကစပြီး မတူပီမြို့နယ်၊ လိုင်လင်းပီမြို့ရှိ စစ်ကောင်စီအထိုင်စခန်းများကို ချင်းကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## ရေဇွာ
နိုဝင်ဘာလ ၂၆ ရက်နေ့က စတင်ပြီး ZZLMS စစ်ဆင်ရေး အမည်ဖြင့် ချင်းပြည်နယ်၊ ဇိုတုန်ဒေသက ရေဇွာမြို့ကို ချင်းအမျိုးသားတပ်မတော်(CNA) နှင့် ချင်းဒေသကာကွယ်ရေး ပူးပေါင်းတပ်များကထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မြို့ကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။

## မယ်စဲ့
ဇွန်လ ၁၃ ရက်နေ့ကစပြီး မယ်စဲ့မြို့နယ်ရှိ စစ်ကောင်စီ၏ တပ်စခန်းအားလုံးကို ကရင်နီတပ်ပေါင်းစုဖြစ်သည့်ကရင်နီတပ်မတော် (KA)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊KNPLF, KNU/KNLA တို့ ပါဝင်သည့် 4K အဖွဲ့နှင့် PDF များ ပူးပေါင်း တိုက်ခိုက်သိမ်းယူခဲ့ပြီး ဇွန်လ ၂၄ ရက်နေ့တွင် မယ်စဲ့မြို့ကို သိမ်းနိုင်ခဲ့ကြောင်း သိရသည်။

## မုန်း
ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့ရှိ စစ်ကောင်စီတပ်စခန်းများကိုကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(K.N.L.A) နှင့် တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များက တိုက်ခိုက်ခဲ့ရာ ဒီဇင်ဘာလ ၄ ရက်နေ့တွင် မုန်းမြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

## အင်ဂျန်းယန်
နိုဝင်ဘာလ ၂၀ ရက်နေ့က အင်ဂျန်းယန်မြို့နယ်၊ အင်ဂျန်းယန်မြို့အတွင်းမှ စစ်ကောင်စီတပ်စခန်းနှစ်ခုနှင့် ရဲစခန်းမှာ တာဝန်ထမ်းဆောင်နေသူအားလုံး တပ်စခန်းများကနေ အသီးသီးထွက်ခွာသွားကြသည်။

## နမ့်ခမ်း
နိုဝင်ဘာ ၅ ရက်နေ့မှ စတင်ပြီး နမ့်ခမ်းတစ်မြို့လုံးနီးပါးကို ထိန်းချုပ်ထားနိုင်ခဲ့သည့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ပူးပေါင်းတပ်များက စစ်ကောင်စီနှင့် ပြည်သူ့စစ်များ တပ်စွဲထားသည့် မြို့လယ်ဘုရားဝင်းအတွင်းမှ နောက်ဆုံးလက်ကျန် စစ်ကောင်စီတပ်စခန်းကို နိုဝင်ဘာလ ၇ ရက်နေ့က တိုက်ခိုက် သိမ်းပိုက်ခဲ့ပြီး မြို့အား ထိန်းချုပ်နိုင်ခဲ့သည်။

## ချင်းရွှေဟော်၊ ဖောင်းဆိုင်၊ ကြူကုတ်(ပန်ဆိုင်း)၊သိန္နီ
အောက်တိုဘာလ ၂၇ ရက်နေ့မှစပြီး Operation 1027 (၁၀၂၇ စစ်ဆင်ရေး) ကို ညီနောင်မဟာမိတ် (၃) ဖွဲ့ ဖြစ်သော ကိုးကန့်တပ်မတော်(MNDAA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် ရက္ခိုင့်တပ်တော် (AA)တို့က ပူးပေါင်းဆင်နွှဲခဲ့ပြီး နိုဝင်ဘာလ ၂ ရက်နေ့တွင် ချင်းရွှေဟော်၊ ဖောင်းဆိုင်၊ ကြူကုတ်( ပန်ဆိုင်း) အပါအဝင် သိန္နီမြို့တို့ကို အလုံးစုံထိန်းချုပ်နိုင်ခဲ့သည်။

## ကုန်းကြမ်း
နိုဝင်ဘာလ ၂၈ ရက်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်နယ်စပ် ကုန်းကြမ်းမြို့ အခြေစိုက် အမှတ် ၁၂၅ ခြေလျင်တပ်ရင်းတစ်ရင်းလုံး အလံဖြူပြ၍ လက်နက်ချခဲ့သောကြောင့် ကိုးကန့်တပ်မတော် (MNDAA) က ကုန်းကြမ်းမြို့ကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။

## မုံးကိုး
နိုဝင်ဘာလ ၅ ရက်နေ့က စစ်တပ်၏ အရေးပါသည့် မုံးကိုးဗျူဟာကုန်းကို ကိုးကန့်တပ်မတော် (MNDAA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး မူဆယ်မြို့နယ်၊ မုံးကိုးမြို့ကို နိုဝင်ဘာလ ၇ ရက်နေ့တွင် အလုံးစုံထိန်းချုပ်နိုင်ခဲ့သည်။

## ကွမ်းလုံ
နိုဝင်ဘာလ ၁ ရက်နေ့က စတင်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွမ်းလုံမြို့ စစ်ဆင်ရေးကို ကိုးကန့်တပ်မတော် (MNDAA)က စတင်ခဲ့ပြီး စစ်ကောင်စီတပ်စခန်းများနှင့် အုပ်ချုပ်ရေးဌာနများကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် မြို့အား သိမ်းပိုက်နိုင်ခဲ့သည်။

Source : BNI - MPM DATA (5 Jan 2024 )

## ထပ်မံ ထိန်းချုပ်သိမ်းပိုက်ထားသည့်မြို့နယ်များ

### မော်လူး
အင်းတော်မြို့နယ်၊ မော်လူးမြို့ကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ကျောင်းသားတပ် (ABSDF) နှင့် အင်းတော်ပြည်သူ့ကာကွယ်ရေးတပ် ပူးပေါင်းတပ်ဖွဲ့များက ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### ဝေဘူလ
နိုဝင်ဘာလ ၃၀ ရက်နေ့က ဖလမ်းမြို့နယ်၊ ဝေဘူလမြို့ကို ချင်းဒေသကာကွယ်ရေးတပ်များက အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### ဆူရ်ခွာ
နိုဝင်ဘာလ ၃၀ ရက်နေ့က ဟားခါးမြို့နယ်၊ ဆူရ်ခွာမြို့ကို ချင်းဒေသ ကာကွယ်ရေးတပ်များက အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### နမ္မတူမြို့
ဒီဇင်ဘာလ ၂၅ ရက်နေ့က နမ္မတူမြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)အနေဖြင့် စတင်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### မိုင်းလုံမြို့
ဒီဇင်ဘာလ ၅ ရက်နေ့က ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)ပူးပေါင်းတပ်က အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### နမ့်ခမ်းမြို့
အောက်တိုဘာလ ၂၇ ရက်နေ့က စတင်ပြီး နမ့်ခမ်းမြို့ကို တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်အနေဖြင့် စတင်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### နာရိန်
နိုဝင်ဘာလ ၃၀ ရက်နေ့က ထန်တလန်မြို့နယ်၊ နာရိန်မြို့ကို ချင်းဒေသကာကွယ်ရေး တပ်များက အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### မကွီးအိမ်နူး
နိုဝင်ဘာလ ၃၀ ရက်နေ့က မင်းတပ်မြို့နယ်၊ မကွီးအိမ်နူးကို ချင်းဒေသ ကာကွယ်ရေးတပ်များက အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### မိုးဗြဲမြို့
နိုဝင်ဘာလ ၁၁ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ကို ကရင်နီအမျိုးသားများ ကာကွယ် ရေးတပ် (KNDF) အနေဖြင့် စတင်တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက် ထားနိုင်ကြောင်း သိရသည်။

### နန်းမယ်ခုံမြို့
နိုဝင်ဘာလ ၁၁ ရက်နေ့က ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့ကို ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) အနေဖြင့် စတင်တိုက်ခိုက်ခဲ့ပြီး နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အောင်မြင်စွာ ထိန်းချုပ်သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### မိုင်းငေါ့မြို့
ဒီဇင်ဘာလ ၂၉ ရက်နေ့က စတင်ပြီး ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်အနေဖြင့် စတင်တိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မြို့ကို အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### နမ့်ဆန်မြို့
ဒီဇင်ဘာလ ၁၅ ရက်နေ့က နမ့်ဆန်မြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်က အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။


### မန်တုံမြို့
ဒီဇင်ဘာလ ၂၂ ရက်နေ့က မန်တုံမြို့ကို တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA) ပူးပေါင်းတပ်က အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

### လောက်ကိုင်မြို့
ဇန်နဝါရီလ ၄ ရက်နေ့က လောက်ကိုင်မြို့ကို ကိုးကန့်တပ်မတော် (MNDAA)က အောင်မြင်စွာ ထိန်းချုပ် သိမ်းပိုက်ထားနိုင်ကြောင်း သိရသည်။

BURMA NEWS INTERNATIONAL
MYANMAR PEACE MONITOR
BNI - Myanmar Peace Monitor
mmpeacemonitor.org
https://t.me/bni_mmpeacemonitor


# အပိုင်း ၂

# တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ



## တိုက်ပွဲဖြစ်ပွားမှု


**၉၉ ခု**





တိုက်ပွဲဖြစ်ပွားမှု အခြေအနေ

၀-၀ ၁-၄ ၅-၈ ၉-၁၃

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၃ ဒီဇင်ဘာလ ၁၃ ရက်မှ ၂၀၂၄ ဇန်နဝါရီလ ၂ ရက် ၃ ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၉၉ ခု ရှိခဲ့ပါသည်။ တိုင်းနှင့်ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ရှမ်းပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှုပေါင်း ၂၂ ခု အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် တစ်ရက်ကိုဖြစ်စဉ်တစ်ခုအဖြစ်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက် ပိုမို များပြားနိုင်ပါသည်။



စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
(ဒီဇင်ဘာ ၁၃၊ ၂၀၂၃ - ဇန်နဝါရီ ၂၊ ၂၀၂၄)
၂၀၃
စစ်ကောင်စီတပ်သားသေဆုံးမှု
၁၅
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၁၀၇
အရပ်သားသေဆုံးမှု
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား
၁
၇၀
၂
၁၈
၅၀
၆
၁၂
၃၃
၁
၂
၂၃
၂
၂
၂၇
၄
၄
၄
၄
၂
၂
၁၃
၁
၃၁
၁
၁၅
၂
၂
၁
ကရင်
ပဲခူး
စစ်ကိုင်း
မကွေး
တနင်္သာရီ
မွန်
ချင်း
ကချင်
မန္တလေး
ရခိုင်
ရှမ်း
ကရင်နီ
ရန်ကုန်
ဧရာဝတီ


စစ်ဘေးရှောင်အရေအတွက်
၅၀၄၆၈
ဒီဇင်ဘာ ၁၃၊ ၂၀၂၃
ဇန်နဝါရီ ၂၊ ၂၀၂၄
၂၆၂၀၀
၁၁၀၀၀
၁၀၀၀၀
၁၄၆၈
၁၀၀၀
၅၀၀
၃၀၀
စစ်ကိုင်း
ပဲခူး
မန္တလေး
မွန်
မကွေး
ကချင်
ရခိုင်





# စစ်ကိုင်း

အင်းတော်၊ မုံရွာနှင့်တမူးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေးတပ်များတိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၃၂ ဦးသေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား၂ ဦးသေဆုံးခဲ့သည်။ ထို့အပြင် ဒီဇင်ဘာလ၂၀ ရက်နေ့က ကသာမြို့နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် စစ်ကောင်စီတပ်သား ၁ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၏ ဒရုန်းတပ်ဖွဲ့ဝင် ၃ ဦးသည် စစ်ကောင်စီစစ်ကြောင်း အပြန်နှင့်တိုးပြီး သတ်ဖြတ်ခံခဲ့ရသည်။[1] ဒီဇင်ဘာလ၂၆ရက်နေ့က ကသာမြို့နယ်၊ မိုးတားလေးတိုက်နယ်ကျေးရွာရှိ ရဲစခန်းနှင့် အုပ်ချုပ်ရေးရုံးများတွင် တပ်စွဲထားသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို စစ်ကောင်စီတပ်က တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁ ဦး သေဆုံး၍ ၁၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[2] စစ်ကောင်စီတပ် ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဟုမ္မလင်း၊ ကောလင်းနှင့်ကလေးမြို့နယ်များမှအရပ်သားပြည်သူ ၁၂ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့်ပစ်ခတ်ပြီး စစ်ကြောင်းထိုးလာမှုများကြောင့် အင်းတော်၊ ချောင်းဦး၊ ရေဦး၊ တမူးနှင့်ဟုမ္မလင်းမြို့နယ်များမှ ဒေသခံပြည်သူ ၂၆၂၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




1 မိုးတားလေးတိုက်နယ် ပကဖရဲ့ ဒရုန်းတပ်ဖွဲ့ဝင် ၃ ယောက် အသတ်ခံရ https://bit.ly/4ayd6wK

2 ကသာမြို့နယ်အတွင်း PDF တပ်စွဲထားရာကို စစ်တပ်က ဗုံးကြဲတိုက်ခိုက် https://bit.ly/47hNYaW






# မကွေးတိုင်း

မြိုင်နှင့် ဂန့်ဂေါမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂၃ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား ၁ ဦး သေဆုံးခဲ့သည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့က ဂန့်ဂေါမြို့နယ်၊ ရှုံးရှိ ကျေးရွာမှာ စစ်ကောင်စီတပ်က ပစ်ခတ်သည့် လက်နက်ကြီး ထိမှန်သောကြောင့် ကလေးငယ်အပါအဝင် ၂ ဦးသေဆုံးပြီး ၅ ဦး ဒဏ်ရာရရှိခဲ့သည်။ [3] ဒီဇင်ဘာလ ၁၅ ရက်နေ့က မြိုင်မြို့နယ်၊ သာစည်ကျေးရွာကို စစ်ကောင်စီတပ်က ဝင်ရောက်မီးရှို့ခဲ့သောကြောင့် ဒေသခံ ၁၀၀ ခန့် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။ [4]

3 မြိုင်မြို့နယ်ရှိ နေအိမ် ၅၀ ခန့်ကို စစ်တပ်ကမီးရှို့၊ ဂန့်ဂေါတွင် လက်နက်ကြီးကြောင့် ကလေး ၂ ဦး သေဆုံးပြီး ၅ ဦး ဒဏ်ရာရ https://bit.ly/3Nrrzkw


4 မြိုင်မြို့နယ် သာစည်ကျေးရွာကို စစ်ကောင်စီတပ်က မီးရှို့၊ ဒေသခံ ၁,၀၀၀ ခန့် စစ်ဘေးရှောင်နေရ https://bit.ly/3GKcVkD







# ပဲခူးတိုင်း


ဖြူးနှင့် ကျောက်ကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၅၀ ဦးသေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား ၂ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏လက်နက်ကြီးနှင့် လေကြောင်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကျောက်တံခါး၊ ကျောက်ကြီးနှင့် နတ်တလင်းမြို့နယ်များမှ ဒေသခံပြည်သူ ၁၈ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဖြူးနှင့် ကျောက်တံခါးမြို့နယ် အနီးတစ်ဝိုက် တိုက်ပွဲပြင်းထန်နေသောကြောင့် အနီးအနားရွာများက ဒေသခံပြည်သူ ၁၁၀၀၀ ကျော် ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင်နေရသည်။







# ရှမ်း (သျှမ်း) ပြည်နယ်

နမ့်ဆန်၊ မူဆယ်၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ နမ္မတူ၊ ဖယ်ခုံ၊ ကျောက်မဲ၊ လားရှိုး၊ နောင်ချိုနှင့် မိုးမိတ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကိုးကန့်(MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် နမ့်ဆန်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ ဖယ်ခုံ၊ နမ္မတူနှင့် ညောင်ရွှေမြို့နယ်များမှ ဒေသခံ ပြည်သူ ၁၅ ဦး သေဆုံးခဲ့သည်။








# ကချင်

ဗန်းမော်၊ မြစ်ကြီးနားနှင့် ဖားကန့်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦးသေဆုံးခဲ့သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့က ဝိုင်းမော်မြို့နယ်၊ရွှေညောင် ကျေးရွာအနီး စစ်ကောင်စီတပ် စခန်းကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA) ဘက်က လာရောက်ပစ်ခတ်ပြီးနောက် စစ်ရေးတင်းမာလာသောကြောင့် ဒေသခံပြည်သူ ၅၀၀ ခန့် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။ [5]

5 ရွှေညောင်ပင်စစ်ရှောင်တွေ သတ်မှတ်ပေးထားတဲ့နေရာမှာ ပြောင်းရွှေ့ဖို့ပြင်ဆင် https://bit.ly/3RMq6Xo








## မှန်

ဘီးလင်းနှင့်ရေးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ပြည်သူ့ကာကွယ်ရေးတပ် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၄ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ဘီးလင်း၊ သထုံ၊ ကျိုက်ထိုနှင့် ပေါင်မြို့နယ်များမှ ဒေသခံပြည်သူ ၄ ဦး သေဆုံးခဲ့သည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့ကစပြီး  ဘီးလင်းမြို့နယ်၊ ဝင်းတာပန်ကျေးရွာအနီး အခြေစိုက် တပ်စွဲထားသည့် စစ်ကောင်စီ ဝင်းတာပန်စခန်းသိမ်းတိုက်ပွဲကြောင့် ဒေသခံ ၁၄၆၈ ဦး ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။ [6]

6 ဘီးလင်းမြို့နယ် ဝင်းတာပန်စခန်းသိမ်းတိုက်ပွဲကြောင့် ဒေသခံထောင်နဲ့ချီ စစ်ရှောင်နေရ https://bit.ly/3THYa9n








## ချင်း

ပလက်ဝ၊ ဟားခါး၊ မတူပီ၊ ဖလမ်းနှင့် မင်းတပ်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA)၊ ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေး တပ်သား ၄ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဒီဇင်ဘာလ ၁၈ ရက်နေ့က မတူပီမြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အမျိုးသမီးတစ်ဦးအပါအဝင် အရပ်သားပြည်သူ ၄ ဦး သေဆုံးခဲ့သည်။ [7]

7 မတူပီမြို့နယ်တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၄ ဦးသေဆုံး https://bit.ly/48o8Tdm







## ကယား

ဒီဇင်ဘာလ ၂၆ ရက်နေ့က လွိုင်ကော်မြို့နယ်၊ လောပိတကျေးရွာဘက်မှာ ယာခင်းထဲသွားသည့် ဒေသခံအရပ်သားများကို စစ်ကောင်စီတပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် အရပ်သား ၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၂ ဦးသေဆုံးခဲ့သည်။ [8]

8 ယာခင်းသွားတဲ့ အရပ်သားတွေကို စစ်ကောင်စီက လက်နက်ကြီးနဲ့ ပစ်ခတ်၊ အမျိုးသမီးနှစ်ဦး သေဆုံးပြီး ၉ဦးဒဏ်ရာရ   https://bit.ly/4aAk1Ws








# ရခိုင်

မြေပုံ၊ မြောက်ဦး၊ ပေါက်တော၊ ရမ်းဗြဲ၊ ပုဏ္ဏားကျွန်း၊ ကျောက်ဖြူနှင့်ကျောက်တော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA)တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာလ ၁၅ ရက်နေ့က မြောက်ဦးမြို့နယ်၊ လေးမြို့မြစ်ထဲတွင် ရေနှင့်မျောပါလာသည့် စစ်ကောင်စီတပ်သားတစ်ဦး၏ ရုပ်အလောင်းတစ်လောင်းကို တွေ့ရှိခဲ့သည်။ [9] ထို့အပြင် စစ်ကောင်စီတပ်၏ ပစ်ခတ်မှုကြောင့် ရမ်းဗြဲ၊ မြေပုံ၊ မြောက်ဦး၊ ဘူးသီးတောင်၊ ကျောက်ဖြူနှင့် ကျော်တော်မြို့နယ်များမှ ဒေသခံ ပြည်သူ ၃၁ ဦး သေဆုံးခဲ့သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့က ကျောက်ဖြူမြို့နယ်၊ သစ်ပုတ်တောင် ဧညဝတီ ရေတပ်စခန်းအနီးတွင်တည်ရှိသည့် ရှောက်ချောင်းကျေးရွာ အနီးဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် ဒေသခံ ၃၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ [10]

9 လေးမြို့မြစ်အတွင်း မျောပါနေသောစစ်ကောင်စီတပ်သား ရုပ်အလောင်းတစ်လောင်းတွေ့ရှိ https://bit.ly/48BsS8H

10 ကျောက်ဖြူ ဧညဝတီရေတပ်အနီးတိုက်ပွဲကြောင့် ဒေသခံ ၃၀၀ ကျော်ခန့် ထွက်ပြေးတိမ်းရှောင်နေရ https://bit.ly/4aRv8dQ






## မန္တလေး


ဒီဇင်ဘာလ ၂၉ ရက်နေ့က ချမ်းအေးသာစံမြို့နယ်မှာ ပြည်သူ့ကာကွယ်တပ်များ၏ သတင်းစုံစမ်းနေသည့် ရဲအရာရှိ ဒုရဲအုပ် မေသဉ္ဇာဝင်းပြည့် (ခ) ဂျက်မဆိုသူကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။[11] ထို့အပြင် ဒီဇင်ဘာလ ၁၃ ရက်နေ့က ငါန်းဇွန်မြို့နယ်နှင့်တောင်သာမြို့နယ်မှာ စစ်ကောင်စီတပ်ထောက်ခံသူအဖြစ် ပတ်ဝန်းကျင်ကသတ်မှတ်ထားသူ ၄ ဦး သတ်ဖြတ်ခံခဲ့ရသည်။ [12] ဒီဇင်ဘာလ ၁၃ ရက်နှင့် ၃၀ ရက်နေ့များက စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် မတ္တရာမြို့နယ်မှ ဒေသခံပြည်သူ ၉ ဦး သေဆုံးခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့က မတ္တရာမြို့နယ်၊ ဥဒိန်ရွာထဲကို အင်အားတစ်ရာကျော်ပါ စစ်ကြောင်းဝင်ရောက်မီးရှို့သောကြောင့်နေအိမ်ငါးဆယ်ခန့် မီးလောင်ခဲ့ပြီး ဥဒိန်ရွာအပါအဝင်အနီးအနားရွာများမှ ဒေသခံ တစ်သောင်းကျော်ဘေးလွတ်ရာထွက်ပြေးနေရသည်။ [13]

11 မန္တလေးတွင် PDF သတင်းစုံစမ်းနေသည့် ဒုရဲအုပ် ဂျက်မ ပစ်ခတ်ခံရပြီး သေဆုံး https://bit.ly/3RDTzCJ

12 မန္တလေးတိုင်းမှာ စစ်ကောင်စီထောက်ခံသူအဖြစ် လူလေးဦးအသတ်ခံရ https://bit.ly/3NtSVXf


13 မတ္တရာမြို့နယ် ဥဒိန်ရွာမှာ နေအိမ် ငါးဆယ်ခန့်မီးရှို့ခံရပြီး ပြည်သူ တစ်သောင်းကျော် ထွက်ပြေးနေရ https://bit.ly/3S2cE2I







# တနင်္သာရီ

ထားဝယ်၊ လောင်းလုံးနှင့် တနင်္သာရီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၇ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား ၂ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် သတ်ဖြတ်မှုကြောင့် လောင်းလုံးမြို့နယ်မှ အရပ်သား ပြည်သူ ၂ ဦး သေဆုံးခဲ့သည်။







# ရန်ကုန်

ဒီဇင်ဘာလ ၂၁ ရက်နေ့က အင်းစိန်အကျဉ်းထောင်မှာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (ည)ဖြင့် ထောင်ချ ခံထားရသည့် အသက် ၂၃ နှစ်အရွယ် နိုင်ငံရေးအကျဉ်းသူ မချယ်ရီဝင်းဆိုသူသည် နေမကောင်းဖြစ်ရာကနေ အချိန်မီ ဆေးကုသခွင့်မရသောကြောင့် သေဆုံးခဲ့ရသည်။ [14] ဒီဇင်ဘာလ ၁၅ ရက်နှင့် ၁၆ ရက်နေ့များတွင် ရန်ကုန်တိုင်းရှိ မြို့နယ် (၁၃) မြို့နယ်တွင် ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ခဲ့ပြီး အရပ်သား ၁ ဦး သေဆုံးခဲ့သလို ၁၃ ဦး ဒဏ်ရာရခဲ့သည်။ [15]

14 ပုသိမ်နဲ့ အင်းစိန်ထောင်က နိုင်ငံရေး အကျဉ်းသားနှစ်ဦး အချိန်မီ ဆေးကုခွင့် မရတာကြောင့် သေဆုံး https://bit.ly/48tlTP6

15 ရန်ကုန်က မြို့နယ် ၁၃ ခုမှာ ဗုံးပေါက်ကွဲမှုဖြစ်ခဲ့ပြီး တစ်ဦးသေဆုံး ၁၃ ဦးခန့် ဒဏ်ရာရ https://bit.ly/41wt8mI







# ဧရာဝတီ

ဒီဇင်ဘာလ ၃၀ ရက်နေ့က ပုသိမ်အကျဉ်းထောင်မှာ အသက် ၃၀ အရွယ် သေဒဏ်ကျ နိုင်ငံရေးအကျဉ်းသား ကိုစံလင်းစံ ဆိုသူသည် အချိန်မီဆေးကုသခွင့် မရသောကြောင့် သေဆုံးခဲ့ရသည်။ [16]

16 ပုသိမ်နဲ့ အင်းစိန်ထောင်က နိုင်ငံရေး အကျဉ်းသားနှစ်ဦး အချိန်မီ ဆေးကုခွင့် မရတာကြောင့် သေဆုံး https://bit.ly/48tlTP6







# ကရင်

ဖာပွန်၊ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ကရင်နီအမျိုးသားတိုးတက်ရေးတပ်မတော်(KNPP)၊ ကရင်နီပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်မတော် (KNPLF)၊ ကရင်အမျိုးသားကာကွယ်ရေးတပ်မတော်(KNDO) ပူးပေါင်းတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၇၀ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဒီဇင်ဘာလ ၁၈ ရက်နေ့က တောင်ကြာအင်းကျေးရွာနေ ရွာသူတစ်ဦးမှာ နေအိမ်အနီးသို့ လက်နက်ကြီးကျရောက်ပေါက်ကွဲရာ လက်နက်ကြီးကျည်စ ထိမှန်သဖြင့် ပွဲချင်းပြီးသေဆုံး ခဲ့သည်။ [17]

17 တောင်ကြာအင်းရွာသူတစ်ဦး လက်နက်ကြီးအစ ထိမှန်၍ သေဆုံး https://bit.ly/3GSZaQz





မြန်မာလက်နက်ပွဲစား ခရိုနီဦးထွန်းမင်းလတ်နှင့် ဆက်နွှယ်သည့် ထိုင်းအထက်လွှတ်တော်အမတ် နိုင်းဥပကစ်ပါကျရိယန်းကွန်းကို ထိုင်းရာဇဝတ်မှုဆိုင်ရာ ဗဟိုတရားရုံးက မူးယစ်ဆေးမှု၊ ငွေကြေးခဝါချမှုဆိုင်ရာ ပုဒ်မ ၆ ခုနှင့် တရားစွဲဆိုထားသည်။ အဆိုပါပြစ်မှုများတွင် လူ ၂ ဦးနှင့်အထက် ပူးပေါင်းပြီး မူးယစ်ဆေးဝါးနှင့် ပတ်သက်တဲ့ ဆိုးရွားတဲ့ ပြစ်မှုကျူးလွန်ဖို့ ကြံစည်မှု၊ တရားမဝင် ငွေကြေးခဝါချမှု၊ အထက်လွှတ်တော်အမတ် ၁ ဦးအနေနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကို အားပေးမှု၊ နိုင်ငံတကာရာဇဝတ်မှုတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ၊ ပူးပေါင်းကျူးလွန်မှုစသည်တို့ပါဝင်သည်။ တရားရုံးရဲ့စွဲဆိုချက်များကို ၎င်းကငြင်းဆိုခဲ့ပြီး ဘတ် ၅ သန်း အာမခံငွေဖြင့် ပြင်ပမှအမှုရင်ဆိုင်ရန် တရားရုံးကခွင့်ပြုပေးခဲ့၍ အမှုကို ၂၀၂၄ ခုနှစ် မေလ ၁၃ ရက်တွင် စီရင်ဆုံးဖြတ်မည်ဟု သိရသည်။

ထိုအမှုတွဲကို ထိုင်းမူးယစ်ရဲတပ်ဖွဲ့က လွန်ခဲ့သည့် ၂၀၂၂ ခုနှစ် စက်တင်ဘာလကတည်းက ဦးထွန်းမင်းလတ်အမှုနှင့် တပြိုင်တည်း တည်ဆောက်ခဲ့သော်လည်း ကြန့်ကြာနေခြင်းသည် နိုင်းဥပကစ်က အထက်လွှတ်တော်အမတ် ဖြစ်သည့်အပြင် နိုင်ငံတကာ ရာဇဝတ်မှုနှင့်ပါ ပတ်သက်နေခြင်းကြောင့်ဖြစ်သည်ဟု ရာဇဝတ်မှုဆိုင်ရာတရားရုံး ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ ဦးထွန်းမင်းလတ်၏ အမှုကိုလည်း ဒီဇင်ဘာလထဲတွင် စီရင်ဆုံးဖြတ်ဖို့ ရှိကြောင်း သိရသည်။ [1]

စစ်ရေးဝရုန်းသုန်းကားအခြေအနေအောက်တွင်ရှိနေသည့် မြန်မာကို ကူညီရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အနေဖြင့် အသင့်ရှိသင့်ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ဒီဇင်ဘာ ၁၇ ရက်တွင် ပြောသည်။ ဖိလစ်ပိုင်သည် မြန်မာနိုင်ငံအစား ၂၀၂၆ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းရယူ

1 https://burmese.dvb.no/post/629539

ထားသည်။ မားကို့စ်က အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၏ ပထမဆုံးအခမ်းအနား၌ မြန်မာသည် အာဆီယံအုပ်စု၏ အဖွဲ့ဝင်တနိုင်ငံ ဖြစ်နေဆဲဖြစ်ကြောင်း အလေးပေးပြောဆိုခဲ့သည်။ [2] ထို့အပြင် မြန်မာနိုင်ငံတွင် ပြည်တွင်းစစ် ဆက်လက်ဖြစ်ပွားနေမှုကို ဖာဒီနန် မားကို့စ်ဂျူနီယာက ရှုတ်ချပြီး အကြမ်းဖက်မှုများ ပိုမိုဆိုးဝါးလာမှုကို ကိုင်တွယ်ဆောင်ရွက်ရန် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ကို တိုက်တွန်းခဲ့သည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဘုံသဘောတူညီချက်ငါးရပ်၊ ကုလသမဂ္ဂယန္တရားနှင့် AHA စင်တာ (လူသားချင်းစာနာမှု အကူအညီများအတွက် အာဆီယံညှိနှိုင်းဆောင်ရွက်ရေး စင်တာ) တို့မှတဆင့် မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများ မြင့်တက်နေခြင်းကို ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ပြောခဲ့သည်။ [3]

အမေရိကန် နိုင်ငံခြားရေးဌာန၊ ဒုတိယ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မဲလစ်ဆာဘရောင်း (Melissa Brown) သည် ကမ္ဘောဒီးယားနိုင်ငံကို အလည်အပတ်ရောက်ရှိနေချိန်တွင် ကမ္ဘောဒီးယားနိုင်ငံခြားရေးဂန်ကြီး Sok Chenda Sophea၊ ဒုတိယဝန်ကြီးချုပ် Sun Chanthol တို့နဲ့ တွေ့ဆုံဆွေးနွေးပြီးနောက် ဒီဇင်ဘာ ၁၅ ရက်နေ့က သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ရာ မဲလစ်ဆာဘရောင်း (Melissa Brown) က မြန်မာနိုင်ငံ၏ အခြေအနေသည် အလွန်ရှုပ်ထွေးပြီး ဖြေရှင်းရန်အတွက် နိုင်ငံအများအပြားနှင့် အဖွဲ့အစည်းအများအပြား လိုအပ်သည့်အပြင် အာဆီယံနှင့် ကုလသမဂ္ဂအဖွဲ့များက အရေးယူဆောင်ရွက်မှုများလုပ်ဆောင်ပြီး မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်ရောက်အောင်လုပ်သင့်ကြောင်း ပြောကြားခဲ့သည်။ ထို့တွေ့ဆုံမှုတွင် မြန်မာအရေးနဲ့ ပတ်သက်ပြီး အာဆီယံနှင့် ကုလသမဂ္ဂမျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အမေရိကန်နှင့် ကမ္ဘောဒီးယားက ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အွန်လိုင်းရာဇဝတ်ဂိုဏ်းများနှင့် လူကုန်ကူးမှုများ မြင့်တက်လာခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်းလည်း အမေရိကန်က ပြောခဲ့သည်။ [4]

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်သည့်အခြေအနေများကြောင့် အိန္ဒိယ၊ မဏိပူရ်တွင် မြန်မာဒုက္ခသည် ၆,၀၀၀ ရောက်ရှိ ခိုလှုံနေပြီး နောက်ထပ်ဒုက္ခသည်များလည်း ထပ်မံရောက်ရှိဖွယ်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် အန်ဘီရန် ဆင်းဂ်က ဒီဇင်ဘာ ၁၇ ရက်တွင် ပြောခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းတရားများကြောင့် ခိုလှုံခွင့်တောင်းခံသူများအတွက် ခိုလှုံရာနေရာများ ပိတ်ပင်၍ မရနိုင်ကြောင်း၊ သို့သော် နိုင်ငံခြားသားများကို ပြည်နယ်ထဲခိုးဝင်ခွင့်ပြုမည်မဟုတ်သလို တရားမဝင် ကျေးရွာများ ထူထောင်ခွင့်ပြုမည် မဟုတ်ကြောင်းလည်း ပြောခဲ့သည်။ တင်ကြိုလုပ်ဆောင်သည့် လုံခြုံရေး အစီအမံများကို ရည်ညွှန်းရင်း မစ္စတာဆင်းဂ်က ကမ်ဂျုံနှင့် အူခ်ရူလ် ဇရိယာများနှင့် မြန်မာနှင့်

2 https://bur.mizzima.com/2023/12/17/9555

3 https://bur.mizzima.com/2023/12/18/9580

4 https://www.rfa.org/burmese/news/us-cambodia-myanmar-12182023183633.html

> “ အောက်တိုဘာလတွင် ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်မီ သန်းခေါင်စာရင်းကောက်ရန် စစ်ကောင်စီကို ၎င်းတို့ကကူညီမည်ဟု စစ်ကောင်စီ ထိန်းချုပ်မီဒီယာက ဖော်ပြသည့်သတင်းများသည် သတင်းမှားဖြစ်ကြောင်း ”

ကပ်လျက်ရှိသော ဘီဟီယန်ကဲ့သို့ ဒေသများတွင် ဇီဝအချက်အလက်စနစ်များ အသုံးပြုမှုကို အလေးပေးလုပ်ဆောင်ရန် တိုက်တွန်းထားသည်။ [5]

နောက်နှစ် အောက်တိုဘာလတွင် ပြုလုပ်မည့် ရွေးကောက်ပွဲမတိုင်မီ သန်းခေါင်စာရင်းကောက်ရန် စစ်ကောင်စီကို ၎င်းတို့ကကူညီမည်ဟု စစ်ကောင်စီထိန်းချုပ်မီဒီယာက ဖော်ပြသည့်သတင်းများသည် သတင်းမှားဖြစ်ကြောင်း ကုလသမဂ္ဂအေဂျင်စီက ကန့်ကွက်ပြောကြားခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ကြိုင်သည် စီစဉ်ထားသည့် သန်းခေါင်စာရင်းကောက်ယူရေး ဆွေးနွေးရန် UNFPA ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာရာမာနသန် ဘာလာခရစ်ရှနန်ကို နေပြည်တော်တွင် ဒီဇင်ဘာလ ၁၁ ရက်နေ့ တွေ့ဆုံခဲ့ကြောင်း စစ်ကောင်စီထိန်းချုပ်မီဒီယာက သတင်းများဖော်ပြခဲ့ပြီး ထိုဆွေးနွေးမှုတွင်ထိုင်းနိုင်ငံအခြေစိုက် UNFPA အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ဒါရိုက်တာသည် မြန်မာသို့လာရောက်မည့် အစီအစဉ်သာမက သန်းခေါင်စာရင်းကောက်ယူရေးအတွက် ထိုဝန်ကြီးဌာနနှင့် UNFPA တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများလည်းပါဝင်သည်။ မစ္စတာဘာလာခရစ်ရှနန်သည် ဦးမြင့်ကြိုင်နှင့်တွေ့ဆုံခဲ့ကြောင်း အတည်ပြုသော်လည်း ထိုတွေ့ဆုံခြင်းသည် မြန်မာမှတာဝန်ပြီးဆုံးတော့မည်ဖြစ်သောကြောင့် ထုံးစံအရ သွားရောက်တွေ့ဆုံခြင်းဖြစ်ပြီး၊ တာဝန်သက်တမ်းကုန်သောကြောင့် ယခုလအတွင်း မြန်မာမှ ပြန်လည်ထွက်ခွာတော့မည့်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ [6]

အွန်လိုင်းငွေကြေးလိမ်လည်သည့် လုပ်ငန်းများတွင် စေခိုင်းရန် လူကုန်ကူးခြင်းသည် ယခင်က အရှေ့တောင်အာရှ ဒေသများတွင်သာ သီးခြားရှိခဲ့ရာ ယခုအချိန်တွင် ချိုးဖောက်မှုများကို တောင်အမေရိကနှင့် အရှေ့အလယ်ပိုင်းတွင်ပါ တွေ့နေရကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပို)က ထုတ်ဖော်ပြောကြားခဲ့သည်။ ထိုကဲ့သို့သော ရာဇဝတ်မှုများကို အင်တာပိုက စတင်ခြေရာခံမိချိန်ဖြစ်သည့် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘောဒီယား၊ လာအို၊ မြန်မာတို့သည် ထုံးစံအားဖြင့် ရာဇဝတ်မှု အဓိကကျူးလွန်သည့် နေရာများဖြစ်သည်ဟု အင်တာပိုကဆိုသည်။

5 https://bur.mizzima.com/2023/12/18/9694

6 https://burma.irrawaddy.com/news/2023/12/18/377497.html

## မှတ်ချက် ။ ။

တစ်ပတ်အတွင်း
ဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
**Burma News International - BNI** ၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR